# ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT**

**Project No: H814-MM and IDA Credit no: 56870**

## လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
## ၂၀၂၁ခုနှစ် ဧပြီလမှ ဇွန်လ အထိ

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

**မာတိကာ**

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ


| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅-၈ |
| ၂။ | သင်တန်းပို့ချခြင်း | ၈ |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၉-၁၀ |
| ၄။ | အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၁၀-၁၁ |
| ၅။ | ဆန္ဒအလျောက်မြေယာလျှုဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၁၁ |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၁၁-၁၃ |
| ၇။ | ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၁၃ |
| ၈။ | ဘဏ္ဍာရေး | ၁၃-၁၄ |
| ၉။ | ဝယ်ယူရေးအခြေအနေ | ၁၄-၁၈ |
| ၁၀။ | သတင်းပြန်ကြားခြင်း | ၁၈ |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် | ၁၈-၁၉ |
| ၁၂။ | အသိပညာနှင့် လေ့လာသင်ယူခြင်း | ၁၉-၂၀ |
| ၁၃။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၂၀ |
| ၁၄။ | အခက်အခဲနှင့် စိန်ခေါ်မှုများ | ၂၀-၂၂ |
| ၁၅။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၂၂-၂၃ |
| ၁၆။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော အခက်အခဲ | ၂၃-၃၀ |
| ၁၇။ | ထောက်ပံ့လိုအပ်ချက်များ | ၃၀-၃၁ |
| ၁၈။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ | ၃၂ |

**စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ**


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၀-၆-၂၀၂၁) အထိ ကဏ္ဍအလိုက် ခွဲဝေမှုပြဇယား

ဇယား ၂: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၃: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၄: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ဇယား ၅: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက် ခွဲခြားတင်ပြမှု

ဇယား ၆: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၇: သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှု များ၏ အခြေအနေတင်ပြမှု

ဇယား ၈: သဘာဝအလျောက် မြေယာလျှာဒါန်းခြင်း

ဇယား ၉: ၃၀-၆-၂၀၂၁ထိ အသုံးစရိတ်စုစုပေါင်း

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(ဆဋ္ဌမနှစ်)

ဇယား ၁၁: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(သတ္တမနှစ်)

## စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

### ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့ မှ ဇွန်လ ၃၀ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင် အထည်ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလအထိ လာမည့် ၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိကအချက်များ ပါဝင်ပါသည်။ ဆင့်မနှစ် စီမံကိန်း(၅၄)မြို့နယ်နှင့် သတ္တမနှစ်စီမံကိန်း(၃၈)မြို့နယ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက် နေသည့် မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ် ပါသည်-

### ဆဋ္ဌမနှစ် မြို့နယ် ၅၄ မြို့နယ်

(က) **VDP** သတ်မှတ်ချက် ၁၀၃၂၀ ရှိသည့်အနက် ၁၀၂၂၆ခု ပြီးစီး၍ ၉၉.၀၉**%** ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၅၀ ခု ရှိသည့်အနက် ၈၈၅၀ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀**%** ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၈၈၅၀ခု ရှိသည့် အနက် ၈၇၉၅ ခု ပြီးစီး၍ ၉၉.၃၈ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၇၉၅ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၉.၃၈ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၈၆၆၂ ခုအား အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၈၆၆၁ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

### သတ္တမနှစ် မြို့နယ် ၃၈ မြို့နယ်

(က) **VDP** သတ်မှတ်ချက် ၆၆၆၆ခု ရှိသည့်အနက် ၆၄၅၀ခု ပြီးစီး၍ ၉၆.၇၅% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၃၆၀ခု ရှိသည့်အနက် ၅၃၆၀ခုအား **TPIC**မှ အတည်ပြု ပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၅၃၆၀ ခု ရှိသည့် အနက် ၄၆၄၇ ခု ပြီးစီး၍ ၈၆.၇၀% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၄၆၄၇ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၈၆.၇၀% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၄၁၈၈ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၄၀၀၄ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

ဆဌမနှစ်တွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၈၈၅၀ခု အကောင်အထည်ဖော် ဆောင်ရွက်သည့် အနက် လုပ်ငန်းခွဲပေါင်း ၈၇၉၅ခု ပြီးစီး၍ ၈၆၆၁ခု လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ သတ္တမ နှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၃၆၀ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၄၆၄၇ခု ပြီးစီး၍ ၄၀၀၄ခု လူထု စစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ဆဌမနှစ်နှင့် သတ္တမနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းခွဲအား ဇယား(၁) ဖြင့် ဖော်ပြထားပါသည်။

လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား **(၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ (** လမ်းများ၊ တံတားများ၊ သင်္ဘောဆိပ်ခံ တံတား စသည်**)** တည်ဆောက်မှုများသည် ၅၄.၃% ထိတိုးတက်လာပါသည်။ ပညာရေး ၁၁.၂ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဌမနှစ် စီမံကိန်းအတွင်း ၁၀.၃ % ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၇.၇ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၂.၁ % တခြား ၄.၂ % နှင့် ကျန်းမာရေး ဝ.၃ % ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား **(၁) -** လမ်းပန်းဆက်သွယ်ရေးကဏ္ဍ **(** လမ်းများ၊ တံတားများ၊ သင်္ဘောဆိပ်ခံ တံတား စသည်**)** တည်ဆောက်မှုများသည် ၅၂.၉% ထိတိုးတက်လာပါသည်။ ပညာရေး ၁ဝ.၃ % ၊ လူထု အထောက် အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် သတ္တမနှစ် စီမံကိန်းအတွင်း ၁ဝ% ထိတိုးမြင့် ဆောင်ရွက် လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၆.၈ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၁၄.၁ % တခြား ၅.၈ % နှင့် ကျန်းမာရေး ဝ.၃ % ဆောင်ရွက်လျက်ရှိပါသည်။

## NCDDP စီမံကိန်း နှစ်အလိုက် အကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၀-၆-၂၀၂၁)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိယ နှစ် ၂၁၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဉ္စမနှစ် ၂၀၁၇/၁၈ | | ဆဋ္ဌမနှစ် ၂၀၁၈/၁၉ | | သတ္တမနှစ် ၂၀၁၉/၂၀ | | စုစုပေါင်း (ပ-သတ္တမ) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ပေါင်း ၆၁ | | | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၃၈ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၅၇ | ၂,၆၇၅ | | ၂,૩၁၅ | | ၁,၄၅၈ | | ၂,၆၇၇ |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁,၇၅၅ | | ၁၀,၆၄၃ | | ၆,၆၆၆ | | ၁၂,၂၂၃ |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂,၆၀၆ | | ၂,၂၉၀ | ၉၈.၉၂ | ၁,၄၀၁ | ၉၆.၁ | ၂,၆၀၆ |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂,၆၀၃ | | ၂၂၅၅ | ၉၈.၅ | ၁,၃၉၈ | ၉၉.၇၈ | |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၇၇ | ၁၀.၃၃ | ၃၆.၂၃ | ၆၇.၃၇ | ၈၇.၁၃ | | ၁၀၃.၄၃ | | ၆၇.၅၈ | | ၃၇၃.၈၄ |
| **VDP** ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁,၅၂၄ | | ၁၀,၂၂၆ | | ၆,၄၅၀ | | ၄၃,၇၉၄ |
| **TPIC** အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၃ | ၉,၀၈၃ | | ၈,၈၅၀ | | ၅,၃၆၀ | | ၃၇,၆၄၅ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၃ | ၉,၀၈၃ | | ၈,၈၅၀ | | ၅,၂၈၂ | | ၃၇,၅၆၇ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | | | |
| ၀ % | | | | | ၀ | ၀ | ၇ | ၀.၁၁ | ၄၂၇ | ၇.၉၆ | ၄၃၄ |
| ၁%၅၀- | | | | | ၀ | ၀ | ၃၀ | ၀.၃၄ | ၁၁၀ | ၂.၁၂ | ၁၄၀ |
| ၅၁%၇၅- | | | | | ၀ | ၀ | ၉ | ၀.၀၁ | ၆၉ | ၁.၃၃ | ၇၈ |
| ၇၆%၉၀- | | | | | ၀ | ၀ | ၆ | ၀.၀၇ | ၁၀၇ | ၂.၀၇ | ၁၁၃ |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၃ | ၉,၀၈၃ | ၁၀၀ | ၈,၇၉၈ | ၉၉.၄၁ | ၄,၆၄၇ | ၈၉.၇၁ | ၃၆,၈၈၀ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇,၆၈၃ | ၉,၀၈၃ | ၁၀၀ | ၈,၆၆၂ | ၉၇.၈၈ | ၄,၁၈၈ | ၇၈.၁၃ | ၃၆,၂၈၅ |
| **Social Audits** ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၃ | ၉၀၇၅ | ၁၀၀ | ၈,၆၆၁ | ၉၇.၈၆ | ၄,၀၀၄ | ၇၄.၇၀ | ၃၆,၀၉၂ |
| မြို့နယ်အဆင့် **MSRs** ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၆၀ | | ၅၃ | | | | ၁၉၈ |
| **Union** အဆင့် **MSRs** ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | | ၁ | | | | ၆ |

ယခုသုံးလပတ်အတွင်း ဆဋ္ဌမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၈၅၀)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၆၆၁)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ယခုသုံးလပတ်အတွင်း သတ္တမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၅၃၆၀)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၄၀၀၄)ခု အတွက် လူထုစစ်

ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

**အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ**

စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်း ချုပ် တင်ပြအပ်ပါသည်-

(က) **ASUS Laptop Computer Hard Disk** ပျက်စီးခြင်းနှင့် **Desktop Computer UPS** (၃)လုံးမှာ **Battery** မခံခြင်း။

**(ခ)** ဆိုင်ကယ်အပိုပစ္စည်းများ ရှားပါးခြင်း၊ **Colour Printer , Fax and Scanner , Laptop(**၂)လုံး**, Desktop(**၃)လုံးနှင့် **Power Bank** (၁၅)လုံးတို့သည် **Hardware and Software** ပိုင်းဆိုင်ရာ ချို့ယွင်းခြင်း ရှိပါ၍ အသုံးပြု၍ မရခြင်း။

(ဂ) လျှပ်စစ်မီး မရရှိ၍ စာရွက်စာတမ်းများ မိတ္တူကူးရန် ခက်ခဲရှိခြင်း။ ဆိုင်ကယ် အပို ပစ္စည်းဝယ်ယူရန် ခက်ခဲခြင်း။ **Internet**လိုင်း သင့်တော်သည့် ဆက်သွယ်ရေးပစ္စည်း ပံ့ပိုးပေးရန်။

(ဃ) **Compurter**များ **Service**ပြုလုပ်ရန် လိုအပ်ခြင်း၊ မိတ္တူကူးစက် ထပ်မံလိုအပ်ခြင်း။

**၂။ သင်တန်းအခြေအနေ**

**ပြည်ထောင်စုအဆင့် သင်တန်း**

ယခုသုံးလပတ်အတွင်း ပြည်ထောင်စုအဆင့်မှ သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။

**မြို့နယ်အဆင့် သင်တန်း**

သုံးလပတ်အတွင်း မြို့နယ်များနှင့် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

**ကျေးရွာအဆင့် သင်တန်း**

ယခုသုံးလပတ်အတွင်း ပုဏ္ဏားကျွန်းမြို့နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စုမှ ကျေးရွာ(၁၀) ရွာတို့တွင် ကျေးရွာအဆင့် သင်တန်းများ ဖြစ်သည့် (MSC, FSC, PSC, Community Management Training(CMT) and Grievance Training) သင်တန်းပေါင်း ၅ ခုအား ပြုလုပ်ခဲ့ပြီး သင်တန်း တက်ရောက်သူ ၂၅၄ဦး(ကျား- ၁၂၆ဦး၊ မ-၁၂၈ဦး)တို့အား ပို့ချပေးနိုင်ခဲ့ပါသည်။

**40 K/15 K သင်တန်းများ**

ယခု သုံးလပတ်အတွင်း 40 K / 15 K သင်တန်းများ ပို့ချနိုင်ခဲ့ခြင်းမရှိပါ။

**ပြည်ထောင်စုသင်တန်းအဖွဲ့၏အခြားအထောက်အပံ့များ**

ပြည်ထောင်စုအဆင့် သင်တန်းနည်းပညာအကြံပေးမှ ပြည်နယ်/တိုင်းဒေသကြီးများအား ခေါင်းဆောင်မှုအဆင့် သင်တန်းပို့ချပေးခဲ့ပါသည်။

**၃။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်များနှင့် လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း ပြီးစီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ အပတ်စဉ် မြို့နယ်များ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများအား လစဉ်ပုံမှန် စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

ဤကာလအတွင်းတွင် **GIS/MIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS/MIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မှီ ပေးပို့ကြပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း**

| သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|
| **MIS**<br>• သတ္တမနှစ် စီမံကိန်း လုပ်ငန်း ပြီးစီး၍ ကျန်ရှိသော မြို့နယ်များမှ M&E/MIS စနစ်သို့ အချက်အလက် ဖြည့်သွင်း ထားသည်များကို ကြီးကြပ်/စစ်ဆေးဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပါသည်။<br>• စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသက် အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။<br>• အပတ်စဉ် လုပ်ငန်းတိုးတက်မှုများ စစ်ဆေးပြီး လစဉ် အစီရင်ခံစာများ ပြုစုတင်ပြခဲ့ပါသည်။<br>• အဌမနှစ် စီမကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ်(၄)မြို့နယ်မှ MIS Software ထည့်သွင်းနိုင်ရန် အတွက် လိုအပ်သည်များကို မြို့နယ်များနှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။ | **MIS**<br>• စီမံကိန်းဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်များအား M&E/ MIS Sectionအနေဖြင့် Online စနစ်ဖြင့် Refresner Training ပို့ချ ဆောင်ရွက်မည်ဖြစ်ပါသည်။<br>• အဌမနှစ် စီမကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ်(၄)မြို့နယ်၏ အချက်အလက်များ ဖြည့်သွင်း နိုင်ရန် အတွက် မြို့နယ်များမှ ပေးပို့လာသော စက်များအား MIS Software ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။<br>• စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်း အပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

| | |
|---|---|
| | • သတင်းအချက်အလက်များ၊ တိုးတက်မှုများ အချိန်မီ ရရှိစေရန် မြို့နယ်၊ ပြည်နယ်/တိုင်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| **GIS**<br>မြို့နယ်များနှင့် ချိတ်ဆက်ပြီး **MIS**အချိန်နှင့် တပြေးညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်အကြား ကွာဟချက်များ အားလုံး အချိန်နှင့်တပြေးညီ စီစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။<br><br>**အစီရင်ခံခြင်း**<br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီးဖြစ်ပါသည်။ | **GIS**<br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်များ တူညီမှုရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

## ၄။ အခြေခံအဆောက်အဦနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

## ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စီမံကိန်းမြို့နယ် (၁၁) မြို့နယ်ရှိ လုပ်ငန်း ခွဲပေါင်း (၁၃) ခု ထိခိုက်ပျက်စီးခဲ့ပြီး ထောက်ပံ့ငွေဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်သည့် မြို့နယ် (၅) မြို့နယ်ရှိ လုပ်ငန်းခွဲပေါင်း (၇)ခု မှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျန်ရှိ လုပ်ငန်းခွဲများမှာလည်း ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထဆောင်ရွက်မှုဖြင့် (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။

Conflict area များဖြစ်သော-

### လှိုင်းဘွဲ့မြို့နယ်

လှိုင်းဘွဲ့မြို့နယ်တွင် Conflict area ရှိ ကျေးရွာအုပ်စု (၄) အုပ်စု၊ ကျေးရွာ (၂၆)ရွာမှာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင် ရွက်သွားရမည် ဖြစ်သော်လည်း လက်ရှိမြေပြင် အခြေအနေအရ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

### ကြာအင်းဆိပ်ကြီးမြို့နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နယ်မြေအခြေအနေအရကျန်ရှိသော ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ (၂၉) ရွာ၊ လုပ်ငန်းခွဲ(၁၇)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ်တွင် ပထမနှစ်စက်ဝန်းမှ ယနေ့အချိန်အထိ ကျေးရွာ အုပ်စု (၅) အုပ်စု၊ ကျေးရွာ(၄၀)မှာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခွင့်ရပြီး လုပ်ငန်းခွဲများ စတင်ဆောင်ရွက်ခွင့် ရရှိခဲ့သော်လည်း လက်ရှိမြေပြင်အခြေအနေအရ ဆက်လက် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၉) အုပ်စု၊ ကျေးရွာ (၁၇) ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်က မြေရာကိစ္စIssue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ(၉) ရွာ ကျန်ရှိပါသည်။ ယခုအခါ ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ(၁၂)ရွာအား KNU မှ ဆိုင်းငံ့ထားပါသည်။ (KNU ၎င်းတို့၏ Deep control Area များတွင် ရှိခြင်း)

**ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်သည် ဒုတိယနှစ်စက်ဝန်းတွင် နယ်မြေအေးချမ်းသော ကျေးရွာအုပ်စု(၅၈) အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲပေါင်း(၁၁၅)ခု ဆောင်ရွက်လျက်ရှိရာ(၄၃)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီးဖြစ်၍ ကျန်ရှိသော လုပ်ငန်းခွဲများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်သည် ကျေးရွာအုပ်စု(၉၄)အုပ်စု၊ စီမံကိန်းလုပ်ငန်းခွဲ ပေါင်း(၃၂၇)ခု ဆောင်ရွက်လျက်ရှိရာ (၂၉၉) ခုမှာ(၁၀၀%)ဆောင်ရွက်ပြီးဖြစ်ပြီး ကျန်ရှိသည့် လုပ်ငန်းခွဲများအား နယ်မြေလုံခြုံရေးပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။ နယ်မြေအခြေအနေအရ ကျန်ရှိခဲ့သော ကျေးရွာအုပ်စု(၈)အုပ်စု၊ ကျေးရွာ(၂၁) ရွာ၊ လုပ်ငန်းခွဲ(၃၂)ခု ဆောင် ရွက်လျက်ရှိရာ (၂၈)ခုမှာ (၁၀၀%) ဆောင်ရွက်ပြီး ဖြစ်၍ ကျန်ရှိသော လုပ်ငန်းခွဲများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

## ၅။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ Year-6(၆၂၇)ခုနှင့် Year-7(၃၁၀)ခုတို့ ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား(၈)ဖြင့်ဖော်ပြထားပါသည်။

## ၆။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ

၂၀၂၁ ခုနှစ် ဒုတိယသုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၅၀ ခု လက်ခံရရှိပြီး အကြံပြုစာ ၂ စောင် ( ၀.၄ %) သည် **“core grievances” (**စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊

မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)) များဖြစ်သည်။ **(၃၁-၆-၂၀၂၁)** ရက်နေ့အထိ ၅၀(၁၀၀ % )ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ **(ဇယား- ၈,၉)**

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၂၁ ခုနှစ် ဇွန်လထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၃၀၀၄၂ စောင် လက်ခံရရှိ ပြီး ၃၀၀၄၁ **(၉၉ %)** ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

တုန့်ပြန်မှုကြာချိန်၊ မူရင်း၊ ဦးတည်ရာနှင့်စုဆောင်းမှုယန္တရားများကိုအောက်ဖော်ပြပါအပိုင်း ၃ နှင့် ၄ တွင်ဖော်ပြထားသည်။

## သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၁၆(၃၂%) စောင်၊ မြို့နယ်အဆင့်တွင်၂၂(၄၄%)စောင် နှင့် ပြည်ထောင်စုအဆင့်တွင် ၁၂(၂၄%) လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၃၆(၇၂%)စောင်၊ အမျိုးသမီး များမှ ၁၀(၂၀%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၄(၈%) စောင် လက်ခံရရှိခဲ့ပါသည်။
- ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၁၈(၃၆%)စောင်၊ လူကိုယ်တိုင် ၁၃(၂၆%)စောင်၊ တယ်လီဖုန်းဖြင့် ၂(၄%)စောင်၊ E-mail ၁(၂%) ကျေးရွာ အစည်းဝေး ၁၅**(၃၀%)**စောင်၊ အကြံပြု ကိုယ်စားမှ တဆင့် ၁(၂%)စောင် လက်ခံရရှိခဲ့ပါသည်။ ဝေဖန်အကြံပြု တိုင်ကြားစာ ၂၃၉ **(၉၉**%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာများ ဖြစ်သည်။

## ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

ယခု သုံးလပတ်အတွင်း ကျေးဇူးတင်စာများကို(၃၁)ရက်မှ(၂၆)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်း များဆိုင်ရာ သာမန်မေးမြန်းစုံစမ်းခြင်း စားများကို(၁၆) ရက်အတွင်း၊ အကြံပြုစာများကို **(**၂၆**)**အတွင်း၊ တာဝန်ယူ နိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၉၀**)** အတွင်း၊ လမ်းညွှန်ချက်များ(သို့)လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း ကိစ္စရပ်များကို အများဆုံး (၁)ရက်အတွင်း ပျမ်းမျှဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ပြီး သုံးလပတ် အတွင်း လက်ခံရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာအားလုံးကို ဖြေရှင်းအကြောင်း ပြန်နိုင်ခဲ့ပါသည်။

**Core Grievances** များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း- ၂ စောင်

## ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်ကြားချက်များသည် မြို့နယ်များသို့ အချက်အလက်များ ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပတ်သက်၍ Covidကာလနှင့်

သုံးလပတ်အတွင်း လုံခြုံမှုမရှိသော အခြေအနေများကြောင့် မြို့နယ်များသို့ ကွင်းဆင်းသွားရောက်နိုင်ခြင်း မရှိခဲ့ပါ။

**ဝန်ထမ်းအခြေအနေ**

ယခုသုံးလပတ်အတွင်း Union GHM အဖွဲ့ဝင် (၃)ဦးသည် မြို့နယ်များသို့ ပြောင်းရွှေ့ခဲ့ပြီး အကြံပေးတစ်ဦးတည်းသာ ကျန်ရှိပါသည်။

**၇။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ**

ရွာလမ်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် အင်ဂျင်နီယာမှ လမ်းများ အခြေအနေနှင့် လမ်းအရှည် တိုင်းတာချိန်တွင် ယခင်မလုပ်ခဲ့ဖူးသော်လည်း ယခုမူကာ အမျိုးသမီးများမှ ပေဘူးဖြင့် ကိုယ်တိုင် တစ်ရွာလုံး တိုင်းတာခဲ့ကြပါသည်။

လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကော်မတီအမျိုးသားများနည်းတူ ကော်မတီ အမျိုးသမီးများမှ လုပ်ငန်းအားကြီးကြပ်ခြင်း၊ အလုပ်သမားများအားကြီးကြပ်ခြင်း၊ ပစ္စည်းများအလေအလွင့်နည်းပါးအောင် ကြီးကြပ်ခြင်း၊ ရန်ပုံငွေသုံးစွဲမှုအားကြီးကြပ်ခြင်းတို့ဖြင့် စီမံကိန်းလုပ်ငန်းခွဲအား အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

လုပ်သားပူးပေါင်းပါဝင်ခြင်းကြောင့် အမျိုးသမီးများ လုပ်အားခရရှိကာ စားဝတ်နေရေးအတွက် ပိုအဆင်ပြေလာပြီး၊ လုပ်ငန်းကျွမ်းကျင်မှုများလည်း ရရှိလာပါသည်။ အမျိုးသားများကလည်း အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်ကို အသိအမှတ်ပြု လက်ခံလာကြပါသည်။

လူထုစစ်ဆေးပွဲတွင်ပါဝင်သော အမျိုးသား၊ အမျိုးသမီးများက မိမိတို့ လုပ်ဆောင်ခဲ့ရသော စီမံကိန်းစက်ဝန်း အဆင့်တိုင်းအတွက် အလွန်ပင်ကျေနပ် အားရကြောင်း၊ မိမိတို့စွမ်းဆောင်ရည်များ ပိုမိုမြှင့်တက်လာကြောင်း ပြောကြားကြပါသည်။

မောက်မယ်မြို့နယ်၊ ထီပျဉ်ကျေးရွာတွင် ကျေးရွာကော်မတီများတွင် လူငယ်များဦးဆောင်ပါဝင် လာသည်ကို တွေ့ရပါသည်။

မောက်မယ်မြို့နယ်၊ ခူဝိန်းကျေးရွာ စာသင်ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်းတွင် လုပ်ငန်း၏ဆေးသုတ်ခြင်းအပိုင်းတွင် အမျိုးသမီးကျွမ်းကျင်လုပ်သားများ အသုံးပြုမှုအား တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အမျိုးသား နည်းတူလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်။

**လူထုစည်းရုံးမှုများထံမှ ရရှိသော အကြံပြုချက်များ**

ကျေးရွာများတွင် ကော်မတီဝင်များသည် လက်လုပ်လက်စားများဖြစ်သောကြောင့် အစည်းအဝေးသို့ တက်ရောက်ရန် အချိန်ပေးနိုင်မှုအာနည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ ယခင်နှစ်က ထက်ပိုမိုခက်ခဲခြင်းကြောင့် အချို့ကျေးရွာမှ အမျိုးသမီးကော်မတီဝင်များ အစည်းအဝေးသို့ လာရောက်ရန် အခက်အခဲရှိခြင်းများကိုတွေ့ရပါသည်။

## ၈။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)

ယခုသုံးလပတ်အတွင်း ကျေးရွာအုပ်စု (၂၄)အုပ်စုအတွက် block grants စုစုပေါင်း မြန်မာငွေကျပ် ၉၅၅ မီလီယံအား မြို့နယ်များသို့ ထုတ်ပေးပြီး ဖြစ်ပါသည်။ ကျေးရွာအုပ်စု(၂၆) အုပ်စုအတွက် block grants မြန်မာငွေကျပ် ၉၀၂ မီလီယံအား ပေးအပ်ခဲ့ပြီး **IDA** ချေးငွေသို့ ပြောင်းလဲ သုံးစွဲခဲ့ပါသည်။ ရန်ပုံငွေများအား **IDA**ချေးငွေနှင့် အီတလီချေးငွေတို့မှ ထောက်ပံ့ထားခြင်း ဖြစ်ပါသည်။

| Township | No. of VTs | Amount | FINANCIERS | | | | Remarks |
|---|---|---|---|---|---|---|---|
| | | | Government | Loan | Italy Soft Loan | DFID | |
| Gwa | -26 | - 902,000,000 | | - 902,000,000 | | | Reclassification to Italy Soft Loan |
| Gwa | 26 | 902,000,000 | | | 902,000,000 | | Reclassification from IDA Loan |
| Gwa | 7 | 282,000,000 | | | 282,000,000 | | |
| Shwegyin | 3 | 94,000,000 | | 94,000,000 | | | |
| Shwe Ku | 14 | 579,000,000 | | 579,000,000 | | | |
| | **24** | **955,000,000** | **-** | **- 229,000,000** | **1,184,000,000** | **0** | |

### အရေးပေါ်အခြေအနေ တုန့်ပြန်မှု

သုံးလပတ်အတွင်း IRM၊ Cash for Workနှင့် ကျေးရွာလှည့်လည်ရန်ပုံငွေများ သုံးစွဲခြင်း မရှိပါ။

### Budget

ယခုနှစ်အတွက် ဘတ်ဂျတ်အား ပြန်လည်ပြင်ဆင်ခြင်း မရှိပါ။ မူလခွင့်ပြုထားသော စုစုပေါင်း Budget မှာ မြန်မာငွေကျပ် (၆၅,၄၄၆,၉၁၆,၀၀၀/-)ဖြစ်ပါသည်။

### အီတလီ Soft Loan

သုံးလပတ်အတွင်း အီတလီရန်ပုံငွေမှ ဂွမြို့နယ်အတွက် ကျေးရွာအုပ်စု(၃၃)အုပ်စု လွှဲအပ် ပေးထားပြီး ဖြစ်ပါသည်။

### စာရင်းစစ်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လူထုဗဟိုပြုစီမံကိန်းအတွက် စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ် အစီရင်ခံစာ လက်ခံရရှိခြင်းမရှိပါ။

## ၉။ ဝယ်ယူရေး အခြေအနေ

"၂၀၂၀-၂၀၂၁ စက်တင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည့် အစီအမံ"အရ မြို့နယ် (၁၆) မြို့နယ် အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည့် အကြံပေး ဝန်ထမ်း(၁၉)ဦး၊ Infra/Assistant (၁၃) ဦးနှင့် CF/TF များကို ဇွန်လတွင် ခန့်အပ်ပြီးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် တစ်ဦးချင်းအကြံပေးများ စာချုပ်သက်တမ်းတိုး ချုပ်ဆိုခြင်းအနေဖြင့် Community Procurement Resource Officer (၁) ဦး၊ National M&E/MIS Trainer (၁)ဦးတို့အား ဇွန်လတွင် သက်တမ်းတိုးချုပ်ဆိုခဲ့ပါသည်။

စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချထားခဲ့ပြီး ရုံးပုံသေပိုင်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊ ခွဲဝေချထားခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

**ဝယ်ယူရေးအစီအစဉ်**

အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) G-166 Project Information Board များအား သက်ဆိုင်ရာစီမံကိန်းမြို့နယ်များသို့ ပေးပို့ပြီး ဖြစ်ပါသည်။

(ခ) စီမံကိန်းကာလပြီးစီးခဲ့သည့် ထီးလင်းမြို့နယ်မှ ပုံသေပိုင်ပစ္စည်းများ ခွဲဝေမှုနှင့် ပတ်သက်၍ ၃၁-၃-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၂၆၂/ဝယ်ဖြန့်-၂/ကျေးလက်(စ)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဂ) အင်္ဂပူမြို့နယ်မှ Laptop Computer နှင့် Copier ပြင်ဆင်ခွင့်ပြုရန် တင်ပြလာခြင်းအပေါ် ခန့်မှန်းကုန်ကျစရိတ် ၂၃၅,၅၀၀/- ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဃ) ပုဏ္ဏားကျွန်းမြို့နယ်မှ မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ တာဝန်ရှိသူမှ ဆိုင်ကယ်၏ ကာလတန်ဖိုး ၆၂၆,၀၃၀.၀၆/- အနက်မှ ဒုတိယအရစ် ၁၀၀,၀၀၀/- ပေးလျော်ပြီးဖြစ်ကြောင်း (၈-၆-၂၀၂၂) ရက်နေ့ စာအမှတ်၊ ၃၈၃/ဝေဖြန့်-၂(CDD)/ကျေးလက်(၁၁-ပဏက)ဖြင့်ပြန်ကြားလာပါသည်။

(င) ကျွန်းလှနှင့် ကနီမြို့နယ်မှ မော်တော်ယာဉ်နှင့်ဆိုင်ကယ်လုံခြုံစွာ ထားနိုင်ရေးနှင့် ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရန်အတွက် ခန့်မှန်းကုန်ကျစရိတ် ၁,၄၀၂,၀၀၀/- ဖြင့် ခွင့်ပြုကြောင်း ၂၂-၄-၂၀၂၂ရက်စွဲပါ စာအမှတ်၊၃၁၁/ဝယ်ဖြန့်-၂/ကျေးလက်(စ)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(စ) G-168 Vinyl Posters များအား သက်ဆိုင်ရာစီမံကိန်းမြို့နယ်များသို့ ပေးပို့ပြီး ဖြစ်ပါသဖြင့် စာချုပ်တန်ဘိုး၏ (၉၀%)အား (၂၁-၅-၂၀၂၂) ရက်နေ့တွင် ပေးချေပြီး ဖြစ်ပါသည်။

(ဆ) G-168 Reagents for Water Quality Testing Kits များအား သက်ဆိုင်ရာ စီမံကိန်းမြို့နယ်များသို့ ပေးပို့ပြီးဖြစ်ပါသဖြင့် စာချုပ်တန်ဘိုး၏ (၉၀%)အား (၁၆-၆-၂၀၂၂) ရက်နေ့တွင် ပေးချေပြီး ဖြစ်ပါသည်။

(ဓ) ဧရာဝတီတိုင်းဒေသကြီးမှ Projector Screen ပျက်စီးမှုနှင့်ပတ်သက်၍ အသစ်လာရောက်ထုတ်ယူရန်(၂၇-၅-၂၀၂၁) ရက်နေ့ စာအမှတ်၊၄၁၆/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး တိုင်းရုံးမှ လာရောက်ထုတ်ယူပြီး ဖြစ်ပါသည်။

(ဈ) လစဉ်ပုံသေပိုင်ပစ္စည်းများ ပေးပို့ရန် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များသို့ (၂၆-၅-၂၀၂၁)ရက်နေ့ စာအမှတ်/၄၁၆/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ည) စီမံကိန်းကာလပြီးစီးခဲ့သည့် ငပုတောမြို့နယ်၏ ပုံသေပိုင်ပစ္စည်းခွဲဝေမှုနှင့်ပတ်သက်၍ (၃၁-၅-၂၀၂၁)ရက်နေ့ စာအမှတ်၊၄၂၅/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဋ) စီမံကိန်းကာလပြီးစီးခဲ့သည့် ဆီဆိုင်မြို့နယ်၏ ပုံသေပိုင်ပစ္စည်းခွဲဝေမှုနှင့်ပတ်သက်၍ (၂၆-၅-၂၀၂၁)ရက်နေ့ စာအမှတ်၊၄၀၇/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဌ) စီမံကိန်းကာလပြီးစီးခဲ့သည့် ဖားဆောင်း+ဘော်လခဲ+မယ်စဲ့မြို့နယ်များ၏ ပုံသေပိုင်ပစ္စည်းခွဲဝေမှုနှင့်ပတ်သက်၍ (၃၁-၅-၂၁) ရက်နေ့ စာအမှတ်၊ ၄၁၄/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဍ) စီမံကိန်းကာလပြီးစီးခဲ့သည့် ပန်းတောင်းမြို့နယ်များ၏ ပုံသေပိုင် ပစ္စည်းခွဲဝေမှုနှင့်ပတ်သက်၍ (၃၁-၅-၂၁) ရက်နေ့ စာအမှတ်၊၄၂၃/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ စီမံကိန်းသုံးမော်တော်ဆိုင်ကယ် (၅၃)စီး လိုင်စင်သက်တမ်း တိုးမြှင့်ရန် (၂၉-၆-၂၀၂၁) ရက်နေ့ စာအမှတ်၊ ၅၁၈/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဎ) စီမံကိန်းကာလပြီးစီးခဲ့သည့် ကွမ်းခြံကုန်းနှင့် ကျောက်တန်းမြို့နယ်များ၏ ပုံသေပိုင်ပစ္စည်းခွဲဝေမှုနှင့်ပတ်သက်၍ (၂၆-၅-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၄၀၈/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ ကျောက်တန်းမြို့နယ် စီမံကိန်းသုံးမော်တော်ဆိုင်ကယ် (၁၀)စီး လိုင်စင်သက်တမ်း တိုးမြှင့်ရန် (၂၉-၆-၂၀၂၁) ရက်နေ့ စာအမှတ်၊၅၁၉/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဏ) စီမံကိန်းကာလပြီးစီးခဲ့သည့် ရမည်းသင်းနှင့်နွားထိုးကြီးမြို့နယ်များ၏ ပုံသေပိုင်ပစ္စည်းခွဲဝေမှုနှင့်(၂၇-၅-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၄၁၇/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(တ) စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် (၁၈-၅-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၃၇၆/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ထ) ရမည်းသင်းမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့မှ စီမံကိန်းသုံး မော်တော် ဆိုင်ကယ် (၅၂)စီး လိုင်စင်သက်တမ်း တိုးမြှင့်ရန် (၂၀-၅-၂၀၂၁) ရက်နေ့ စာအမှတ်၊ ၃၉၀နှင့် ၄၃၁/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဒ) ပျော်ဘွယ်မြို့နယ် စီမံကိန်းသုံးမော်တော်ဆိုင်ကယ် (၅၈)စီး လိုင်စင်သက်တမ်း တိုးမြှင့်ရန် (၂၄-၅-၂၀၂၁) ရက်နေ့ စာအမှတ်၊ ၃၉၀/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ စီမံကိန်းကာလပြီးစီးခဲ့သည့် ပုံသေပိုင်ပစ္စည်း ခွဲဝေမှုနှင့် ပတ်သက်၍ (၂၁-၆-၂၁) ရက်နေ့ စာအမှတ်၊ ၄၈၉/ ဝယ်ဖြန့်-၂/ ကျေးလက် (၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဓ) စီမံကိန်းကာလပြီးစီးခဲ့သည့် ပေါင်မြို့နယ်များ၏ ပုံသေပိုင်ပစ္စည်းခွဲဝေမှုနှင့်(၁၇-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၄၇၄/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြား ထားပြီး ဖြစ်ပါသည်။

(န) နေပြည်တော်တိုင်းစီမံကိန်းရုံးခွဲရှိ ပုံသေပိုင်ပစ္စည်းများ အားခွဲဝေသုံးစွဲခွင့်နှင့် ပတ်သက်၍ (၁၇-၆-၂၀၂၁) ရက်နေ့ စာအမှတ်၄၇၉/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်းမော်တော်ယာဉ် အာမခံ ဆက်လက်ထားရှိမှုနှင့် ပတ်သက်၍ (၂၅-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၅၀၂/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ပ) ကချင်ပြည်နယ်ပုံသေပိုင်ပစ္စည်းများအားခွဲဝေသုံးစွဲခွင့်နှင့်ပတ်သက်၍ (၁၇-၆-၂၀၂၁) ရက်နေ့ စာအမှတ်၄၈၀/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဖ) ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်သို့ (၁၈-၆-၂၀၂၁)ရက်နေ့ စာအမှတ်/ ၄၈၅/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဗ) ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် နှင့်ဓနုဖြူမြို့နယ် စစ်ဆေးတွေ့ရှိချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေဆောင်ရွက်ရန် (၁၈-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၄၈၁/ ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဘ) စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် Huawei Tablet (၁)လုံးအား (၂၁-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၄၈၆/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(မ) ရောဝတီတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်း မော်တော်ယာဉ် အာမခံဆက်လက်ထားရှိမှုနှင့်ပတ်သက်၍ (၂၁-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၄၈၈/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ယ) ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုံသေပိုင်ပစ္စည်းများနှင့်ပတ်သက်၍ (၂၁-၆-၂၀၂၁) ရက်နေ့ စာအမှတ်၊ ၄၈၇/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ရ) ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မော်တော်ဆိုင်ကယ်ထုတ်ယူထားရှိမှုနှင့် ပတ်သက်၍ (၂၅-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၅၀၅/ ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(လ) ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စစ်ဆေးတွေ့ရှိချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေဆောင်ရွက်ရန် (၂၅-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၅၁၀/ဝယ်ဖြန့်-၂/ ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဝ) ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းမြို့နယ်များရှိ ပစ္စည်းများပြန်လည်အပ်နှံရန်(၂၅-၆ -၂၀၂၁)ရက်နေ့ စာအမှတ်၊ ၅၀၄/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(သ) မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့်ချောင်းဆုံမြို့နယ်ပစ္စည်းများ ပြန်လည်အပ်နှံရန်(၃၀-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၅၂၂/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဟ) ပြည်ထောင်စုဝန်ကြီးရုံးသို့ မော်တော်ယာဉ်(၁၂)စီးအား နိုင်ငံပိုင်စာရင်း ရေးသွင်းရန် (၃၀-၆-၂၀၂၁)ရက်နေ့ စာအမှတ်၊ ၅၂၃/ဝယ်ဖြန့်-၂/ကျေးလက်(၈)ဖြင့် တင်ပြထားပြီး ဖြစ်ပါသည်။

**၁၀။ သတင်းပြန်ကြားဆက်သွယ်ရေး**

စီမံကိန်းသတင်းများကို လူမှုမီဒီယာနှင့်ဝက်ဘ်ဆိုက်ဒ်၊ မီဒီယာများတွင် သတင်းထုတ်ပြန်ခြင်းနှင့် စီမံကိန်းမြို့နယ်များ၏ လုပ်ငန်းအား စောင့်ကြည့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ပါသည်။

**၁၁။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

စီမံကိန်းစက်ဝန်းတတိယနှစ်သို့ ရောက်ရှိလာသော မြို့နယ်(၁၆)မှာ VDP စာအုပ်များကို Upload ပြုလုပ်နေပြီး (၁၀၀%) တင်ပြီးသော မြို့နယ် (၁၃) မြို့နယ်ရှိပါသည်။

## မြို့နယ်(၁၆)မြို့နယ်၏ VDPစာအုပ်များWebsiteတွင် တင်ထားမှုအခြေအနေ

| No | Township | VDP Total | upload on website (Y-7) | % of VDP upload | Remarks |
|---|---|---|---|---|---|
| 1 | Mabein | 57 | 57 | 100% | |
| 2 | Maukmai | 105 | 104 | 100% | |
| 3 | Momgkhet | 148 | 147 | 100% | |
| 4 | Tongzang | 93 | 93 | 100% | |
| 5 | Putao | 113 | 113 | 100% | |
| 6 | Shwegu | 86 | 88 | 100% | |
| 7 | Kawtkareik | 258 | 258 | 100% | |
| 8 | Hlaingbwe | 397 | 394 | 99% | |
| 9 | Kyunhla | 114 | 114 | 100% | |
| 10 | Kani | 201 | 200 | 100% | |
| 11 | Thegon | 308 | 308 | 100% | |
| 12 | Shwegyin | 103 | 73 | 70% | |
| 13 | Ponnagyun | 194 | 0 | 0% | |
| 14 | Gwa | 166 | 167 | 100% | |
| 15 | Ingapu | 643 | 644 | 100% | |
| 16 | Danubyu | 457 | 456 | 100% | |

### ၁၂။ အသိပညာနှင့် လေ့လာသင်ယူခြင်း

| | သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု | ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင် ချက်များ |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ဆဋ္ဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၈၈၅၀ အနက် ၈၆၆၁ (၉၇.၈၆%) ပြီးစီးခဲ့ပါသည်။<br><br>• ကာလအဆုံး၌ သတ္တမနှစ်မြို့နယ်၃၈ မြို့နယ် အတွက် လူထုစစ်ဆေး ၅၃၆၀ အနက် ၄၀၀၄ (၇၄.၇၀%) ပြီးစီးခဲ့ပါသည်။ | • ကျန်ရှိသည့် လူထုစစ်ဆေးပွဲ များအား လာမည့် သုံးလပတ်အတွင်း အပြီးသတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ |

| | | |
|---|---|---|
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်း လက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား **Covid-19** ရောဂါကြောင့် မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ် နိုင်ခြင်း မရှိပါ။ | • စီမံကိန်းမြို့နယ်အရေအတွက် များပြား လာခြင်းနှင့် **Covid-19** ကာလဖြစ်သော ကြောင့် **UMSR** ဆွေးနွေးပွဲ ကျင်းပနိုင်ရန် စီမံခန့်ခွဲမှု နည်းလမ်းအသစ်များ ဖန်တီးရပါမည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်းဆဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း **(၁၀၃၂၀)** ခု အနက် (၁၀၂၂၆) ပြီး မြောက်သည့် အတွက်၉၉.၀၉**%**ပြီးမြောက်ခဲ့ပါသည်။<br><br>• သတ္တမနှစ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစု ပေါင်း **(၆၆၆၆)** ခု အနက် (၆၄၅၀) ပြီး မြောက်သည့်အတွက် ၉၆.၇၅**%** ပြီးမြောက် ခဲ့ပါသည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆက်လက် လုပ်ဆောင်သွား ပါမည်။ |

**၁၃။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း**

| | **သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု** | **သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ** |
|---|---|---|
| | • အဌမနှစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့်(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ် (၄)မြို့နယ်မှ MIS Software ထည့်သွင်း နိုင်ရန်အတွက် လိုအပ်သည်များကို မြို့နယ်များနှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်းခန့်ထားမှု အခြေအနေမှာ ၃၀/၆/၂၀၂၁ ထိ အောက်တွင် ဖော်ပြထားသည့် အတိုင်းဖြစ်သည်။<br>- တိုင်းဒေသကြီးရုံးများ- ဇယား ၆ | ဆက်လက်ဆောင်ရွက်ချက် - ၁) ပြည်ထောင်စုအဆင့် **M&E/MIS** ဌာနမှ မြို့နယ်(၄) မြို့နယ်အား **Video Confrecing**စနစ်ဖြင့် **M&E/MIS** သင်တန်း ပို့ချသွားမည် ဖြစ်ပါသည်။<br><br>ပြည်နယ်/တိုင်းဒေသကြီးနှင့် စီမံကိန်း မြို့နယ်များ (၁၆)အား **Online** စနစ်ဖြင့် လုပ်ငန်းညှိုင်းအစည်းအဝေး ကျင်းပြပြု လုပ်သွားမည် ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေ အနေအချို့သော ခြွင်းချက်နှင့်အတူ အဆိုပါ မြို့နယ် များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကိုကောင်းစွာ အကောင် အထည်ဖေါ် လုပ်ဆောင်ကြရမည်။ |

**၁၄။ အခက်အခဲနှင့် စိန်ခေါ်မှုများ**

**စောင့်ကြည့်ကြီးကြပ်ရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေး**

COVID-19ကာလအတွင်းဖြစ်သောကြောင့် သင်တန်းများပို့ချရာတွင် Video Comfrecing စနစ်ဖြင့် ပို့ချရသောကြောင့် ထိရောက်မှု အားနည်းသည်။ COVID-19ကာလဖြစ်သောကြောင့် မြို့နယ်မှ တာဝန်ရှိ ဝန်ထမ်းများ ကျေးရွာများသို့ ကွင်းဆင်းရာတွင် အနည်းငယ် ခက်ခဲသောကြောင့် အချက်အလက်များ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ မြို့နယ်များတွင် ဝန်ထမ်းများ ပြောင်းရွှေ့ခြင်း/ လစ်လပ် သွားသောကြောင့် အချက်အလက်များ တောင်းခံရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါသည်။

**ကျားမရေးရာနှင့်လူမှုဆိုင်ရာများ**

မိုးတွင်းကာလဖြစ်၍ ဂဝံလမ်းကဲ့သို့သောလုပ်ငန်းခွဲများနှင့် မိုးရွာလျှင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကျေးရွာများကို လုပ်ငန်းမြန်ဆန်စွာ ပြီးမြောက်အောင်ဆောင်ရွက်လိုသော်လည်း ရန်ပုံငွေထုတ်ယူရာတွင် အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲနေရသဖြင့် များစွာအခက်အခဲ ဖြစ်စေပါသည်။ ရန်ပုံငွေများ လိုအပ်သလိုထုတ်ယူသုံးစွဲနိုင်စေရန် ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးအဆင့်တို့မှ ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါသည်။

**၁၅။ နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

နောက်သုံးလပတ်တွင် ဆောင်ရွက်မည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- အဌမနှစ် စီမကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို) မြို့နယ်(၄)မြို့နယ်၏ အချက်အလက်များ ဖြည့်သွင်း နိုင်ရန် အတွက် မြို့နယ်များမှ ပေးပို့လာသော စက်များအား MIS Software ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်း အပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- သတင်းအချက်အလက်များ၊ တိုးတက်မှုများ အချိန်မီ ရရှိစေရန် မြို့နယ်၊ ပြည်နယ်/တိုင်း များမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည် ဖြစ်ပါသည်။

**ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ**

Union GHM အဖွဲ့သည် M&E/MIS system ထဲမှ ဝေဖန်အကြံပြုအချက်အလက်များအား ပြန်လည်စီစစ်နေပါသည်။

**ဝယ်ယူရေးအစီအစဉ်**

ပဥ္စမနှစ် (၁၆) မြို့နယ်ရှိ အကြံပေးအဖွဲ့များနှင့် ဆဌမနှစ် (၁၃) မြို့နယ်အနက် အကြံပေးအဖွဲ့(၇)ဖွဲ့နှင့်ချုပ်ဆိုထားသော စာချုပ်များအား လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေနိုင်ရန် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် တစ်ဦးချင်းInterpreter (၁) ဦးနှင့် Project Accountant (၁) ဦးအား ဇူလိုင်လတွင် စာချုပ်သက်တမ်းတိုးချုပ်ဆိုရန် တင်ပြသွားမည် ဖြစ်ပါသည်။ စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချထားခဲ့ပြီး ရုံးပုံသေပိုင်ပစ္စည်းများကို လုပ်ထုံးလုပ်နည်း

နှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊ ခွဲဝေချထားခြင်းတို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေးအစီအစဉ်**

- Italy Soft Loanမှ နောက်ဆုံးထောက်ပံ့ရန် ကျန်နေသော ရန်ပုံငွေများအား ထောက်ပံ့ပေးခြင်း၊
- အီတလီချေးငွေစာချုပ်၏ နောက်ဆုံးဘဏ္ဍာရေး စစ်ဆေးမှုအတွက် ပြင်ဆင်ခြင်း၊
- ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ သုံးလပတ် (ဇူလိုင်-စက်တင်ဘာ)အတွက် အစီရင်ခံစာအား ၁၅-နိုဝင်ဘာလ-၂၀၂၁ မတိုင်မီ တင်သွင်းရန်၊

**သတင်းပြန်ကြားဆက်သွယ်ရေးအစီအစဉ်**

- စီမံကိန်းမြို့နယ်များသို့ စောင့်ကြည့်လေ့လာရန်၊
- စီမံကိန်းမြို့နယ်များသို့မီဒီယာစောင့်ကြည့်လေ့လာမှုပြုလုပ်ရန်၊

၁၆။ **ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များ၏သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ**
**(က) နည်းပညာပံ့ပိုးမှုအခက်အခဲများ**

**ကျွန်းလှမြို့နယ်**

လုပ်ငန်းခွဲပြီးစီးရန်ကျန်ရှိသော ကျေးရွာများသို့သွားရောက်ရန်(သို့)ကော်မတီများ မြို့သို့လာရောက်ရန် ဒေသတွင်းမငြိမ်သက်မှုများကြောင့် အခက်အခဲများစွာရှိပြီး လုပ်ငန်းပြီးစီးရန် နှောင့်နှေးမှုများ ကြုံတွေ့နေရပါသည်။ ကျေးရွာတိုင်းသို့လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြီးကြပ်ရန် ခက်ခဲပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်အတွင်း ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကြောင့် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ ပို့ဆောင်ရန် ခက်ခဲခြင်းနှင့် မြို့နယ်ခြားမှ ကျွမ်းကျင်လုပ်သားများ လာရောက်တည်းခိုရန် အခက်အခဲပါသည်။

**တွန်းဇံမြို့နယ်**

တွန်းဇံမြို့နယ်တွင် ခန့်အပ်ထားသည့် လက်ထောက် နည်းပညာမှူးများသည် Civil (မြို့ပြအင်ဂျင်နီယာ) ဖြစ်သည့်အတွက် လျှပ်စစ် မီးလင်းရေးနှင့် ပတ်သက်၍ အတွေ့အကြုံ မရှိသည့်အတွက် မီးလင်းရေး လုပ်ငန်းများ (ဆိုလာ၊ ရေအားလျှပ်စစ်) ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိပါသည်။

တွန်းဇံမြို့နယ်အတွင်း ၂၀၂၁ခုနှစ်၊ မေလ (၂၇) ရက်နေ့မှ စတင်ပြီး Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စစ်ဆေးရာတွင် Covid 19 Positive ၂၀၂၁ခုနှစ် ဇွန်လကုန်အထိ တွေ့ရှိသူ (၅၈၆)ဦး၊ ပြန်လည်ကောင်းမွန်လာ၍ ဆေးရုံးဆင်းခွင့် ရရှိသူ(၄၇၈) ဦး၊ သေဆုံးသူ (၁၇)ဦးရှိလာကြောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး မှ Tonzang News တွင် သတင်းထုတ်ပြန်ထားပါသည်။

တချို့ကျေးရွာများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကျေးရွာအတွင်း အဝင်/ အထွက်များ ပိတ်ထားသောကြောင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် နှောင့် နှေးမှုများ ရှိပါသည်။

**မောက်မယ်မြို့နယ်**

နည်းပညာလိုအပ်ချက်များအား ပြည်နယ်အင်ဂျင်နီယာ ဦးဘိုဘိုဟန်မှ ဧပြီနှင့် ဇွန်လအတွင်း လာရောက်၍ လိုအပ်သောစာရွက်စာတမ်းများအားပြုလုပ်ခြင်း/ Revised Estimate များအား ရေးဆွဲနိုင်ရေးအားပံ့ပိုးကူညီခဲ့ပါသည်။ ဝန်ထမ်းများစွမ်းဆောင်ရည် အတွက်လိုအပ်သော နည်းပညာများပေးမည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ပြီး (Steel Structure) သံထည်ဖြင့်ဆောက်လုပ်သည့် နည်းပညာ /ကွန်ပျူတာ/စေ့စပ်ညှိနှိုင်းရေး) သင်တန်းများအာ (40k)ဖြင့်ပေးမည့် အစီအစဉ်များ ပြုလုပ်ပေးပါကပိုမိုကောင်းမွန်ပါသည်။ သင်တန်းများအားပေးသွားမည်ဟုမျှော်လင့်ပါသည်။

**မိုင်းခတ်မြို့နယ်**

အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအုပ်စု (၁၂)အုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖေါ်ခြင်းနှင့် လူထုစစ်ဆေးခြင်း (Social audit) တို့တွင် လိုအပ်သော နည်းပညာများအား စီမံကိန်းဝန်ထမ်းများမှ ပံ့ပိုးကူညီခဲ့ရာ COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ် ထိန်းချုပ်ကုသရေး ကာလနှင့်တိုက်ဆိုင်နေခြင်း၊ မြို့နှင့်အလှမ်းဝေးသော ကျေးရွာများသို့ သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိပါသဖြင့် စီမံကိန်းစက်ဝန်း အဆင့်ဆင့်အလိုက် စီမံကိန်း အကောင်အထည် ဖေါ်ရေးလက်စွဲပါ လမ်းညွှန်ချက်များအတိုင်း အသေးစိတ်ကူညီပံ့ပိုးနိုင်ရန် အခက်အခဲရှိပါကြောင်းနှင့် ဖုန်းလိုင်းများ/ အင်တာနက် လိုင်းများ မကြာခဏ ပြတ်တောက်ခြင်းများကြောင့် Online ဖြင့် အသုံးပြုဆက်သွယ်ရသော စီမံကိန်းလုပ်ငန်းများအတွက် အခက်အခဲများရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်နေသည့် သွားလာ၍ရရှိသည့် (သွားလာခွင့်နှင့် ကိုဗစ်ပိတ်ပင်မှုမရှိသည့်) ကျေးရွာများသို့ (Infra ,TFS နှင့် CFs) တို့မှ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်နိုင်ခဲ့သော်လည်း သွားလာခွင့် ပိတ်ပင်မှုနှင့် ကိုဗစ်ကြောင့် ပိတ်ပင်ထားသည့် ကျေးရွာများသို့ နည်းပညာ ပံ့ပိုးပေးနိုင်ခြင်း မရှိကြောင်း တင်ပြအပ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ဧပြီလနှင့် မေလများတွင် ဝန်ထမ်းများမရှိခြင်းကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းခွဲများ မြေပြင်ကွင်းဆင်းကြီးကြပ် ရန်အခက်အခဲရှိခဲ့ပါသည်။ ယခင်တာဝန်ထမ်းဆောင်ခဲ့သော လက်ထောက်နည်းပညာမှူးများမှ အခြေခံအဆောက်အဦဆိုင်ရာ fileများနှင့် စာရွက်စာတမ်းများအား လွှဲအပ်ခဲ့ခြင်းမရှိသဖြင့် လုပ်ငန်းခွဲများ ကွင်းဆင်းကြီးကြပ်ရာတွင် မူလရေးဆွဲခဲ့သောဒီဇိုင်းအချို့မရှိခြင်းနှင့် အခြေခံအဆောက်အဦဆိုင်ရာ fileများ ပြုစုရာတွင် အခက်အခဲများရှိခဲ့ပါသည်။

ယခင်တာဝန်ထမ်းဆောင်ခဲ့သော စည်းရုံးရေးမှူးများသည် ၄င်းတို့တာဝန်ယူခဲ့သော ကျေးရွာများ၏ဘဏ္ဍာရေးငွေစာရင်းဖိုင်များအား ကျေးရွာများနှင့်မြို့နယ်ရုံးတွင် လွှဲအပ်ခဲ့ခြင်းမရှိသဖြင့် ဘဏ္ဍာရေး ငွေစာရင်းဖိုင်များအားပြန်လည်ပြုစုရာတွင် အခက်အခဲများရှိနေပါသည်။ ပြီးစီးခဲ့သောလုပ်ငန်းများအတွက် MIS data များနှင့်စာရွက်စာတမ်းများ ဖြည့်သွင်းထားမှု မရှိခြင်းကြောင့် ပြန်လည်ဖြည့်သွင်းရာတွင် စာရွက်စာတမ်းများ လွှဲအပ်ခဲ့ခြင်းမရှိသဖြင့် အခက်အခဲများရှိခဲ့ပါသည်။

**ခနုဖြူမြို့နယ်**

ခနုဖြူမြို့နယ်အနေဖြင့် ယခုကာလတွင် ဝန်ထမ်းအနည်းငယ်ဖြင့် လုပ်ငန်းခွဲများအား ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက်တံတားနှင့် အဆောက် အဦကဲ့သို့သော လုပ်ငန်းခွဲများအား Regional Infra နှင့် Township Infra တို့မှ အနီးကပ်ကြီးကြပ် ဆောင်ရွက်၍ TF လစ်လပ် လျက်ရှိသည့် အခြားလုပ်ငန်း ခွဲများအား လက်ရှိ TF များ၏ အကူအညီများ ရယူပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းခွဲစတင်ခြင်းမရှိသေးသည့်ကျေးရွာများမှာ CDM ဝန်ထမ်းများကြောင့် ကျန်ရှိနေခြင်းဖြစ်ပါသည်။ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြင့်မားလာမှုကြောင့် လမ်းလုပ်ငန်းခွဲများမှာ မူလလျာထားသည့် ပမာဏထက် လျော့နည်းခြင်းများ ရှိပါသည်။

**(ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**

**ကနီမြို့နယ်**

Espon L-360 Colour Printer မှာ ခဏခဏ Error တက်နေခြင်းနှင့် ပုံထုတ်လျှင် အစင်းများထင်ခြင်း၊

**ပူတာအိုမြို့နယ်**

Procurement Officer အသုံးပြုခဲ့သော ASUS Laptop Computer သည် Hard Disk ပျက်စီးခဲ့ပါသည်။Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA) တို့ အသုံးပြုခဲ့သော

Desktop Computer များရှိ UPS (၃) လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသိုလှောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်ပါသည်။

## ရွှေကူမြို့နယ်

ဆိုင်ကယ် အပို ပစ္စည်းများ ရှားပါးခြင်း၊ Epson 30100 Color Printer တစ်လုံး မှ ( Colour Hard Line ) အနီရောင် Hard မရရှိခြင်း နှင့် စာရွက်များ ထုတ်၍ မရတော့ပါ။Township Infra အသုံးပြုသော Asus Laptop တစ်လုံး နှင့် Township Team Leader ကိုင်ဆောင်သော Asus Laptop သည် Power ဖွင့်၍ မရတော့ပါ။

Township Infra အသုံးပြုသော Asus Laptop သည် ၂၅.၉.၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ပြီးခဲ့သော်လည်း ထပ်မံအသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ Tablet Power Bank ( 15 ) လုံးသည် အားသွင်းရာတွင် မဝင်သည့်အတွက် အသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

စီမံကိန်းတွင် အသုံးပြုနေသော Canon MF – 235 အမျိုးအစား Fax and Scanner ပစ္စည်းသည် အဖုံးဒေါက်သည် ၂ ဖက်လုံး ကျိုးပျက်သွားသည့်အတွက် အသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ Acer Desktop 3 လုံး သည် Window မတက်တော့သည့် အတွက် အသုံးပြု၍ မရတော့ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## တွန်းဇံမြို့နယ်

TVS/Honda ဆိုင်ကယ်များသည် (၃) နှစ်တာ တောင်ပေါ်ဒေသ များတွင် အသုံးပြုရသည့်အတွက် စက်ချို့ယွင်းပျက်စီးမှုများ ရှိပါသည်/ သို့ဖြစ်ပါ၍ ကျွမ်းကျင်သည့် စက်ပြင်ဆရာများ ခေါ်ယူပြီး လိုအပ်သည်များကို ဆောင်ရွက် မည်ဆိုပါက ဝန်ထမ်းများအတွက် လုံခြုံမှု ပိုမိုရရှိမည် ဖြစ်ပါသည်။

## မောက်မယ်မြို့နယ်

စီမံကိန်းလုပ်ငန်းခွဲများတွင် ကျောက်၊ လမ်းကြိတ်စက်၊ ကျွမ်းကျင်လုပ်သားများ အခက်အခဲများ ရှိခဲ့သော်လည်း ပြည်နယ်/မြို့နယ်တို့နှင့် ညှိနှိုင်းဆောင်ရွက်၍ အဆိုပါအခက်အခဲများအား ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

## မဘိမ်းမြို့နယ်

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်သည့်အချိန်သည် မိုးရာသီဖြစ်သော ကြောင့် လမ်း ၊ တံတား စသည့်လုပ်ငန်းခွဲများ လုပ်ဆောင်နိုင်ရန် ခက်ခဲပါသည်။ မဘိမ်း မြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် လုပ်ငန်းခွဲများ အကောင် အထည်ဖော်နှောင့်နေးမည့် အခက်အခက်များလည်းရှိပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့သည် National Grid Lines လျှပ်စစ်မီး/EPC မီး မရရှိခြင်း၊ မြို့နေလူဦးရေ နည်းပါးခြင်းတို့ကြောင့် ကျေးရွာလက်ခံစာရွက်စာတမ်းများ ရုံးပြင်ပတွင် မိတ္တူကူးရန် အခက်အခဲရှိပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းတွင် မော်တော်ဆိုင်ကယ် Honda 125 (၆)စီး၊ TVS 110 (၃၅)စီး၊ စုစုပေါင်း (၄၁)စီးရှိသော်လည်း မိုင်းခတ်မြို့နယ်ရှိကျေးရွာများသည် တောင်ကုန်းတောင်တန်းများ ပေါ်တွင်တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တောင်တက်/ဆင်း လမ်းများ ဖြစ်ခြင်းနှင့် စီမံကိန်းစက်ဝန်း (၂)ခု အသုံးပြုပြီးဖြစ်သဖြင့် ဆိုင်ကယ်အစိတ်အပိုင်းများ ပြင်ဆင်သုံးစွဲလျက်ရှိပါကြောင်းနှင့် TVS 110 ဆိုင်ကယ် အပိုပစ္စည်းများမှာ မန္တလေးမြို့သို့ မှာယူရခြင်း၊ မိုင်းခတ်၊ ကျိုင်းတုံ၊ တာချီလိတ် တို့တွင် ဝယ်ယူရန် မရှိခြင်းတို့ကြောင့် ဆိုင်ကယ်များ ပျက်သည့်အခါ အပိုပစ္စည်းများအစားထိုးရန်လိုအပ်ပါက အချိန်မီ ပြင်ဆင်ရန် အခက်အခဲ ရှိနေပါကြောင်း တင်ပြအပ်ပါသည်။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် TVS ,DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှုအားနည်းခြင်း၊ Computerများ Servicingလုပ်ရန်လိုအပ်ခြင်း၊ မိတ္တူကူးစက်(၁)လုံး ထဲသာရှိသဖြင့် ထပ်မံလိုအပ်ခြင်း၊ စီမံကိန်းပစ္စည်းများနှင့်စာရွက်စာတမ်းများလုံခြုံရေးလိုအပ်ချက်အရ CCTV Camera တပ်ဆင်လိုခြင်း၊

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ကနီမြို့နယ်**

Infra Counterpart, M &E Counterpart, CSAG Counterpart များမရှိခြင်းနှင့် Procurement Counterpart မှာ ၄င်း၏ အသက်အန္တရာယ် ခြိမ်းခြောက်ခံရခြင်းကြောင့် ရုံးတက်ရောက်ရန် အခက်အခဲရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

**ပူတာအိုမြို့နယ်**

နည်းပညာ အကြံပေး အဘဏ္ဍာရေးအရာရှိရာထူး(၁)နေရာလစ်လပ် နေပါသည်။

**မောက်မယ်မြို့နယ်**

သုံးလအတွင်း(TTA)မှလွဲ၍လစ်လပ်ဝန်ထမ်းများ မရှိပါသဖြင့်ဝန်ထမ်းရေးရာတွင် အခက်အခဲများမရှိပါ။ထို့အပြင် ကွင်းဆင်းဝန်ထမ်းများကျေးရွာတွင် လုပ်ငန်းများလုပ်ဆောင်ရန် ကွင်းဆင်းဆောင်ရွက်လျှက်ရှိပါသည်။

**ကော့ကရိတ်မြို့နယ်**

မြို့နယ်နည်းပညာအကြံပေးအဖွဲ့များ(Team Leader,Finance,M&E/MIS, Infrastructure and Safeguard Assistant) များကို အစားထိုး ခန့်ထားပေး၍ အခက်အခဲ မရှိပါ။ သို့ရာတွင် လက်ရှိ CFS, TFs (၁၇)ယောက်အနေဖြင့် ယခင်ထွက်သွားသော CFS, TFs များ၏ အလုပ်တာဝန်များကို ထမ်းဆောင်နေရသဖြင့် ကျန်ရှိနေသော စီမံကိန်းအချက်အလက်များကို ကောက်ခံရန် ခက်ခဲနေ ပါသည်။

**ခနော့ဖြူမြို့နယ်**

ခနော့ဖြူမြို့နယ်အနေဖြင့် လက်ထောက်နည်းပညာမှူး (၃)ဦးခန့်ထားခဲ့သော်လည်း အစီရင်ခံသည့် ကာလအတွင်း (တစ်)ဦးသာ အလုပ်ဝင်ရောက်ထမ်းဆောင် ပါသည်။ လူထုစည်းရုံးရေးမှူး ထပ်မံခန့်ထားခွင့် (၄)ဦးအား အစီရင်ခံသည့်ကာလအတွင်း တာဝန်ပေးအပ်ခန့်ထားနိုင်ခဲ့ပြီး ၂၀၂၁ခု၊ ဇွန်လ တတိယပတ်မှစတင် ဝင်ရောက်လုပ်ငန်းဆောင်ရွက်နေပြီး ဖြစ်ပါသည်။

နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် နှင့် နည်းပညာအကြံပေးအဖွဲ့၏ ဘဏ္ဍာရေး အရာရှိတို့ကို လူထုဗဟိုပြုစီမံကိန်း (ရုံးချုပ်)မှ တာဝန်ပေးခန့်အပ်ပေးသဖြင့် အစီရင်ခံသည့်ကာလ ၂၀၂၁ခုနှစ် ဇွန်လ တတိယပတ်မှစတင်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိနေပါသည်။

**(ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် ၊ ကျေးရွာများတွင် ညအိပ်သွားရောက်ပြီး လုပ်ငန်းဆောင်ရွက် မရပါ၊ ကျေးရွာများ ကွင်းဆင်းရာတွင်လည်း အမျိုးသမီးများသီးသန့်သွားရာတွင် လုံခြုံမှုမရှိသောကြောင့် အမျိုးသားများနှင့်အတူ သွားရောက်ရပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်တွင် ယခုအခါ Covid -19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားလျှက်ရှိ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာသူကျေးရွာသားများ၏ စိုးရိမ်ပူပန်မှုများ မြင့်မားလျှက်ရှိပါသည်။

ကနီမြို့နယ်အတွင်း ယခုလက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကြောင့် လမ်းပန်းဆက်သွယ်သွားလာရေး အခက်အခဲဖြစ်ပေါ်နေသည့်အတွက် ယခင်ကကဲ့သို့ စီမံကိန်းလုပ်ငန်းခွဲများ အနီးကပ် ကြီးကြပ်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် ကျေးရွာကော်မတီများအား ဖုန်းဖြင့် ဆက်သွယ်၍ ညွှန်ကြားခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာကော်မတီများမှ လာကြိုနိုင်သည့် နေ့ရက်များ အား ချိန်းဆို၍ ကွင်းဆင်းကြီးကြပ်ခြင်း၊ လိုအပ်သည်များအား မှာကြားညှိနှိုင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

## တွန်းဇံမြို့နယ်

တွန်းဇံမြို့နယ် တချို့ကျေးရွာများသည် အသွားအလာ ကန့်သတ်မှုများရှိခြင်း၊ COVID 19 ကာလအတွင်း ရွှေ့ပြောင်း လုပ်သားများသည် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လာသူများ ရှိ၍ ယင်းကျေးရွာသို့ သွားရောက်သည့် အခါ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အတူ သွားရောက်ရခြင်းကြောင့် လိုအပ်သည့် နှာခေါင်းစည်း၊ Hand Gelများ အမြဲ ဆောင်ထားရန် စီမံကိန်းမှ ပံ့ပိုးပေးပါရန် လိုအပ်ပါသည်။

## မောက်မယ်မြို့နယ်

ကျေးရွာသို့သွားမည်အစီအစဉ်နှင့် ဝန်ထမ်းစာရင်းများအား ကြိုတင်ကြောင်းကြားစာအား ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများသို့သတင်းများပေးပို့ပြီးဆောင်ရွက်မှုများ ပြုလုပ်နေ ပါသည်။ အဖွဲ့အစည်းများနှင့် လိုအပ်သောတွေ့ဆုံမှုများအား အလျှင်းသင့်သလို တွေ့ဆုံ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## မဘိမ်းမြို့နယ်

မိုးတွင်းကာလတွင် ဝေးလံသော ကျေးရွာများသို့ သွားလာရေး ခက်ခဲခြင်း နှင့် ရောဂါအခြေအနေများကြောင့် ကျေးရွာများသို့ သွားလာရ ခက်ခဲပါသည်။

## မိုင်းခတ်မြို့နယ်

မိုင်းခတ်မြို့နှင့် အလှမ်းဝေးပြီး ဖုန်းဆက်သွယ်ရေး ခက်ခဲသော မိုင်းညှင်းကျေးရွာအုပ်စု၊ ဝမ်အွန်ကျေးရွာအုပ်စုနှင့် ဟုတ်ပုံကျေးရွာအုပ်စုများသို့ စီမံကိန်းဝန်ထမ်းများ ကွင်းဆင်းရာတွင် ညအိပ်၍သွားလာဆောင်ရွက်ရခြင်း၊ တာဝန်ကျဝန်ထမ်းများ အစုအဖွဲ့လိုက်သွားရောက်မှသာ အဆင်ပြေပါကြောင်း၊ လက်ရှိတွင်လည်း စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် အခြားအခက်အခဲများမရှိပါကြောင်း တင်ပြအပ်ပါသည်။

## ကော့ကရိတ်မြို့နယ်

KNU တပ်မဟာ (၆)နယ်မြေ အတွင်းရှိကျေးရွာများတွင် အဝင်/အထွက် ကန့်သတ်ထားသောကြောင့် စီမံကိန်းလုပ်ငန်းခွဲ (၀%) (၇)ခုနှင့်ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းခွဲ မှ(၉)ကို ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိပါ။ လက်ရှိဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းခွဲ (၁၂)ခု တို့အားမြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအာဏာပိုင် တာဝန်ရှိသူတို့နှင့် ကြိုတင်ချိတ်ဆက်ပြီးမှ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

ယခုလက်ရှိတွင် ကိုဗစ်ရောဂါအား ကျေးရွာအချို့တို့တွင် တွေ့ရှိနေကြ၍ ကျေးရွာများတွင် ညအိပ်မရခြင်း၊ ထို့ကြောင့် CFs, TFs ဝန်ထမ်းများကို ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်

ရာတွင် ကျေးရွာကော်မတီများနှင့် ချိတ်ဆက်ပြီးမှ သွားလာဆောင်ရွက်ပါရန် မှာကြားထားပြီး ဖြစ်ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

ရှမ်းရွာသစ်မြို့နှင့် အချို့သောကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွင်များမှာ ဒေသခံ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့မှ ဝင်ရောက်မှု ပိတ်ပင်ထားပါကြောင်း တင်ပြအပ်ပါသည်။ ကိုဗစ်(၁၉) ရောဂါများဖြစ်ပွားနေသည့်အတွက် ကျေးရွာအချို့မှာ ကျေးရွာတွင်းသို့ ဝင်ရောက်ခြင်းမပြုပါ။

**ခနဖြူမြို့နယ်**

ခနဖြူမြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း ကျေးရွာများတွင် လူအများစိုးရိမ်ကြောင့်ကြမှုများကြောင့် စီမံကိန်းလုပ်ငန်း အချို့နှောင့်နှေးမှု များကြုံတွေ့ခဲ့ရပါသည်။

**၁၇။ အထောက်အပံ့လိုအပ်ချက်များ**

**(က) နည်းပညာ**

**တွန်းဖံမြို့နယ်**

လက်ထောက် နည်းပညာမှူး များအတွက် မီးလင်းရေးနှင့် ပတ်သက်သည့် သင်တန်းများ လိုအပ်ပါသည်။ (ဥပမာ – Electricity,)

**မိုင်းခတ်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ ချိတ်ဆက်ဆောင်ရွက်ရာတွင် Mobile Data ဖြင့် ချိတ်ဆက်အသုံးပြုသည့်အင်တာနက်လိုင်းများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ မကြာခဏ ပြတ်တောက်ခြင်းများကြုံတွေ့နေရပါသဖြင့် MPT Wifi ကဲ့သို့သော သင့်တော်သည့် ဆက်သွယ်ရေးပစ္စည်း ပံ့ပိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ပူတာအိုမြို့နယ်**

Procurement Officer အသုံးပြုနေသော ASUS Laptop တစ်လုံး Hard Disk ပျက်ခြင်းဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြအစီရင်ခံထားပါသည်။

